EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၃ | လစဉ်သတင်းလွှာ | ဇွန် ၁၀ ရက်၊ ၂၀၂၀

# COVID-19 ကပ်ရောဂါကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဲ့သို့သော လူမှုရေးဆိုင်ရာကိစ္စများအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ဟုဆို

**မေ ၅၊ ၂၀၂၀**

COVID-19 ကပ်ရောဂါကြောင့် ရောဂါကူးစက်နိုင်ချေလျော့ကျရေးကို အရေးကြီးဆောင်ရွက်သင့်သလို ထပ်ဆင့်သက်ရောက်နိုင်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဲ့သို့ လူမှုရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း ကြိုတင်ပြင်ဆင်ရန်လိုအပ်သည်ဟု Myanmar Institute of Gender Studies (MIGS)က ထုတ်ပြန်သည့် "COVID-19 နှင့် အမျိုးသမီးများအကြမ်းဖက်ခံရမှုအပေါ် သက်ရောက်နိုင်မှု" စာစောင်အရ သိရသည်။

အိမ်တွင်းအကြမ်းဖက်မှုဆန့်ကျင်သည့် အမျိုးသမီးအဖွဲ့များ၏ လေ့လာချက်အရ ကပ်ရောဂါကာလအတွင်း အကြမ်းဖက်ခံရမှုများ မြင့်တက်လာရခြင်းမှာ ၁) quarantine ကာလများ ချမှတ်တိုးမြှင့်ခြင်းကြောင့် ကျဉ်းမြောင်းသည့် နေအိမ်အတွင်း မိသားစုများ စုပြုံနေထိုင်ရခြင်း၊ ၂) social distancing နှင့် အခြားစီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ စိတ်လှုပ်ရှားတုန်လှုပ်မှုများကြောင့်ဖြစ်သည်ဟု သိရသည်။

COVID ကာလအတွင်း အမျိုးသမီးများ အကြမ်းဖက်ခံရမှု လျှော့ချနိုင်ရန် ဆောင်ရွက်နိုင်သည့်အချက်များကို စာစောင်တွင် အကြံပြုရေးသားထားသည်။ ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့ (WHO) ၏ အကြံပြုချက်များအရ အစိုးရနှင့်မူဝါဒချမှတ်သူများသည် COVID-19 တုန့်ပြန်မှုအစီအစဉ်များတွင် အမျိုးသမီးအကြမ်းဖက်ခံရမှုကာကွယ်ရေးကိစ္စရပ်များကို မဖြစ်မနေ ထည့်သွင်းရမည်ဖြစ်ပြီး social distancing အတွက်လည်း ရရှိနိုင်မည့်နည်းလမ်းများကို သတ်မှတ်ပေးရမည်ဖြစ်သည်။ ကျန်းမာရေးအထောက်အပံ့များအနေဖြင့် ဒေသအလိုက် ရရှိနိုင်သည့် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြားသတ်မှတ်ပေးပြီး၊ ဝန်ဆောင်မှုရရှိနိုင်မည့်အချိန်၊ ဆက်သွယ်ရမည့်သူ၊ လိပ်စာများကို တိတိကျကျ ထုတ်ပြန်ထားသင့်သည်ဟု အကြံပြုထားသည်။ ဝေးလံသည့်ဒေသများအတွက် တစ်ဆင့်ခံချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းဆောင်ရွက်မှုတို့ကိုပါ ပြင်ဆင်ထားသင့်သည်။ ဥပမာ- တယ်လီဖုန်းဝန်ဆောင်မှု၊ ခိုလှုံရာနေရာ၊ လိင်အကြမ်းဖက်ခံရမှုကို တိုင်ကြားနိုင်သည့်စင်တာ၊ အကြံပြုဆွေးနွေး ပေးမည့်အစီအစဉ်စသည်တို့ ဖြစ်ပါသည်။ ကျန်းမာရေးအထောက်အပံ့ပြုသူများအနေဖြင့်လည်း အမျိုးသမီးများ အကြမ်းဖက်ခံရမှု၏ အကျိုးဆက်များနှင့် ကြုံတွေ့လာနိုင်ချေများကို သိရှိထားရမည် ဖြစ်ပါသည်။

ဆေးဝါးကုသမှုနှင့် first-line support များ ထောက်ပံ့ပေးခြင်းသည် အမျိုးသမီးများကို ကူညီနိုင်သည်ဟု စာစောင်တွင်ဖော်ပြထားသည်။ First-line support ဆိုသည်မှာ အကဲဖြတ်ခြင်းမျိုးမပြုဘဲ၊ အမျိုးသမီးများ၏အခက်အခဲများကို ကိုယ်ချင်းစာနာစိတ်ဖြင့် နားထောင်ပေးခြင်း၊ အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များကို မေးမြန်းစုံစမ်းခြင်း၊ အကြမ်းဖက်ခံရသူ၏ ခံစားချက်နှင့် အတွေ့အကြုံများကို အထောက်အထားခိုင်လုံစေရန် ကူညီပေးခြင်း၊ လုံခြုံရေးတိုးမြှင့်ပေးခြင်းနှင့် အကြမ်းဖက်ခံရသူကို ဆက်သွယ်အထောက်အပံ့ပြုပေးခြင်းတို့ ပါဝင်သည်ဟု ဆိုသည်။

လူသားချင်းစာနာထောက်ထားခြင်းကို တုန့်ပြန်သောအဖွဲ့အစည်းများအနေနှင့် COVID-19 တုန့်ပြန်မှုအစီအစဉ်များတွင် ကလေးသူငယ်နှင့် အမျိုးသမီးများအတွက် ဝန်ဆောင်မှုများထည့်သွင်းရန် လိုအပ်ပြီး အမျိုးသမီးများ အကြမ်းဖက်ခံရမှုဖြစ်စဉ်များကို အချက်အလက်များစုဆောင်း၍ ထုတ်ပြန်သင့်သည်ဟု ၎င်းစာစောင်တွင် အကြံပြုထားသည်။ ဒေသခံများကိုလည်း ကပ်ရောဂါကာလတွင်



အမျိုးသမီးများအကြမ်းဖက်ခံရမှု မြင့်တက်လာနိုင်ချေကို အသိပညာပေးထားသင့်ပြီး အကြမ်းဖက်ခံအမျိုးသမီးများကို ထောက်ပံ့နိုင်သည့် ဝန်ဆောင်မှုများနှင့်ကူညီနိုင်ရန် ဆက်သွယ်ရမည့် အချက်အလက်များကို ဖြန့်ဝေထားရန် လိုအပ်သည်ဟုဆိုသည်။ အကြမ်းဖက်ခံရသည့်အတွေ့အကြုံရှိသူ အမျိုးသမီးများမှလည်း ၎င်းတို့၏မိသားစု၊ သူငယ်ချင်းများကိုကူညီနိုင်ပြီး အကြမ်းဖက်ခံရသူများကို hotline ကနေအကူအညီပေးခြင်း (သို့) ဒေသဝန်ဆောင်မှုများ ရှာဖွေပေးခြင်းများ လုပ်ဆောင်နိုင်သည်။ COVID-19 ကပ်ရောဂါကြောင့် ကြုံတွေ့နိုင်သည့် အမျိုးသမီးများ အကြမ်းဖက်မှုများမြင့်တက်လာနိုင်ချေကို သက်ဆိုင်ရာအစိုးရများ၊ မူဝါဒချမှတ်သူများ၊ လူသားချင်းစာနာထောက်ထားမှုကို ကူညီဖြည့်ဆည်းပေးသူများအနေဖြင့် အလေးအနက်ထား ထည့်သွင်းစဉ်းစားသင့်ပြီး၊ ထိရောက်လွှမ်းခြုံသော အစီအစဉ်များချမှတ်ကာ ကူညီပံ့ပိုးရန် လိုအပ်သည်ဟု စာစောင်က အကြံပြုတိုက်တွန်းထားသည်။

၎င်းစာစောင်တွင် COVID ကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ အိမ်တွင်းအကြမ်းဖက်ခံရမှုများ မြင့်တက်လာခြင်း၊ ကျန်းမာရေးကဏ္ဍတွင် လုပ်ငန်းခွင်အတွင်း အကြမ်းဖက်ခံရမှု မြင့်တက်လာခြင်း၊ ရွှေ့ပြောင်းလုပ်သား၊ အိမ်အကူ၊ လိင်လုပ်သားကဲ့သို့သော vulnerable လုပ်သားများအပေါ် အမြတ်ထုတ်အနိုင်ကျင့်မှု မြင့်တက်လာခြင်း၊ ဒုက္ခသည်စခန်းနှင့် စစ်ဘေးရှောင်စခန်းများရှိ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမြင့်တက်လာခြင်း၊ နိုင်ငံတော်၏လုံခြုံရေးအာဏာတိုးမြှင့်လာပြီး လက်နက်ကိုင်တပ်များ၏ အကြမ်းဖက်မှုမြင့်တက်လာနိုင်ခြင်းစသည့် ကဏ္ဍအလိုက် အကြမ်းဖက်ခံရမှုများကို ခွဲခြားဖော်ပြထားသည်။ ၎င်းစာစောင်ကို MIGS က ၂၀၂၀ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

**ရွှေလေး**

# မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် ဥပဒေ၊ ရိုးရာယဉ်ကျေးမှုများအရ ခွဲခြားဆက်ဆံမှုများစွာ ရှိနေဟုဆို

**ဧပြီ ၁၄၊ ၂၀၂၀**

မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် ဥပဒေအရသော်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအရသော်လည်းကောင်း ခွဲခြားဆက်ဆံမှုများစွာရှိနေသည်ဟု အမျိုးသမီးအရေးလှုပ်ရှားသူတချို့က ဆိုသည်။ "အမျိုးသမီးတွေ စဉ်းစားဆုံးဖြတ် ပိုင်ခွင့်ရှိနေပြီလား"ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် DVB Debate အစီအစဉ်တွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သလို အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည့် လွေးပိုးငယ်က "မြန်မာနိုင်ငံမှာ အမျိုးသမီးတွေ ခွဲခြားဆက်ဆံမှုမရှိဘူးလို့ ပြောတာကတော့ ပွင့်ပွင့်လင်းလင်းကြီးကိုလိမ်တယ်လို့ ပြောလို့ရတာပေါ့နော်။ အထူးသဖြင့် အမျိုးသမီးတွေအပေါ်မှာ ဥပဒေအရသော်လည်းကောင်း ကျွန်မတို့ရဲ့ အသိုင်းအဝိုင်းအရသော်လည်းကောင်း ရိုးရာယဉ်ကျေးမှုအရသော်လည်းကောင်း ခွဲခြားဆက်ဆံမှုက အများကြီးရှိပါတယ်။"ဟုဆိုသည်။

တအောင်းအမျိုးသမီးဖြစ်သည့် ၎င်း၏ ရိုးရာယဉ်ကျေးမှုအရ အမျိုးသမီးများသည် အမွေဆက်ခံခွင့်မရှိဘဲ အမျိုးသားများသည်သာ အမွေဆက်ခံခွင့်ရှိသည့်အတွက် ၎င်းသည် ခွဲခြားဆက်ဆံမှုတစ်ခုဖြစ်သည်ဟုဆိုသည်။ ဥပဒေအရကြည့်လျှင်လည်း နိုင်ငံတစ်နိုင်ငံ၏အဓိကကျောရိုးဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲခြားဆက်ဆံမှုများရှိနေသည်ဟု ထောက်ပြသည်။ သုတေသနများအရ အိမ်ထောင်ကျသည့် အမျိုးသမီးငါးယောက်တွင် အနည်းဆုံး အမျိုးသမီးတစ်ယောက်သည် အကြမ်းဖက်မှုကိုခံစားရပြီး ထိုအရာများပပျောက်ရန် အမြစ်တွယ်နေသည့် ခွဲခြားဆက်ဆံမှုများကို တွန်းလှန်ဖို့ လိုသည်ဟု ဆိုသည်။


ဥပဒေရေးရာကုစားရေးအဖွဲ့ မြန်မာ၏ ဒါရိုက်တာဒေါ်လှလှရီက "အမျိုးသမီးထုကို ကျွန်မပြောချင်တာက အပြောင်းအလဲအတွက် ရဲရင့်ဖို့လိုပါတယ်။ ကိုယ့်ရဲ့အမျိုးသမီးထုကို ကိုယ်မထောက်ခံဘူးဆိုရင် အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချတဲ့နေရာရောက်ဖို့ တော်တော်လေး ခက်ခဲပါမယ်။ အမျိုးသမီးထုအနေနဲ့လည်း မိမိကစပြီးပြောင်းလဲပါ။ မိမိလုပ်နိုင်တယ်ဆိုတာ ယုံကြည်ဖို့လိုပါတယ်။"ဟုဆိုသ ည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် အားပြိုင်နေခြင်းမဟုတ်ဘဲ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် အမျိုးသမီးများပါဝင်လာဖို့အရေးကို ပြောခြင်းဖြစ်သည်ဟု လွေးပိုးငယ်ကဆိုသည်။ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် အမျိုးသမီးများမပါဝင်လျှင် နိုင်ငံကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန် အလှမ်းဝေးနေမည်ဟု ဆိုသည်။

လွေးပိုးငယ်က "ပဋိပက္ခကြားမှာ ကျွန်မတို့ ကြီးပြင်းလာခဲ့သူတွေဖြစ်တယ်။ အမျိုးသမီးတွေကို ပဋိပက္ခရဲ့သားကောင်အဖြစ် အသုံးပြုခံနေရတာကိုတွေ့ရတယ်။ ကျွန်မတို့လည်း နိုင်ငံသားဖြစ်တဲ့အတွက်ကြောင့် ဒီလိုပြဿနာတွေကို ဝိုင်းဝန်းဖြေရှင်းချင်တယ်။ ကိုယ့်ရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကိုယ်တတ်နိုင်သမျှအားတွေသုံးပြီး ထောင့်ပေါင်းစုံကြည့်နိုင်တာကို ပိုရချင်တာဖြစ်ပါတယ်။ အဲဒီလိုဖြေရှင်းဖို့ အမျိုးသမီးတွေလိုတယ်ဆိုတာကို ပြောနေတာ ဖြစ်ပါတယ်။" ဟုဆိုသည်။

**ရွှေလေး**

**ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။**
**သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။**



# ကိုရိုနာနဲ့ ဂျင်ဒါ

**မေ ၁၅၊ ၂၀၂၀**

ဒီနေ့မနက်မှာတော့ သတင်းတစ်ခု ဖတ်လိုက်ရပါတယ်။ ကိုရိုနာ ပိုးကြောက်လို့ အိမ်ထဲမှာနေထိုင်နေတဲ့ ပြင်သစ်နိုင်ငံက အမျိုးသမီး တွေကို သူတို့ရဲ့လင်ယောက်ျားတွေက အကြမ်းဖက်တဲ့အတွက် အိမ်တွင်းအကြမ်းဖက်မှုဟာ (၃၆) % အထိ မြင့်မားလာတယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။ ကိုဗစ်ကြောင့် အိမ်မှာနေထိုင်ရင်းနဲ့ ကိုယ့်ရဲ့ အိမ်ထောင်ဖက်က အိမ်တွင်းအကြမ်းဖက်မှုတွေဖြစ်လာတာကို တွေ့ လိုက်ရတာ တော်တော်တုန်လှုပ်ဖို့ကောင်းပါတယ်။

ဘာကြောင့် ဒီလိုအိမ်တွင်းအကြမ်းဖက်မှုတွေ တိုးလာလဲဆိုရင် ပတ်ဝန်းကျင်က လက်ခံထားတဲ့ Gender လို့ခေါ်တဲ့ ကျား၊ မ အခြေပြု အမြင်တွေ၊ အစွဲတွေကြောင့်များလားလို့ စဉ်းစားမိပါတယ်။ ကျွန်တော် တို့ပတ်ဝန်းကျင်မှာ အမျိုးသားနဲ့အမျိုးသမီးကြား လူမှုအသိုင်းအဝိုင်း က သတ်မှတ်ထားတဲ့စံတွေ၊ ပုံစံတွေဟာ မတူညီကြပါဘူး။ ကျား၊ မ အပေါ်သတ်မှတ်ထားချက်တွေနဲ့ သူတို့လုပ်ရမယ်လို့ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ လုပ်ငန်းတာဝန်တွေဟာ မတူညီကြပါဘူး။ အဲဒီ လုပ်ငန်းတာဝန်သတ်မှတ်ချက်တွေဟာ ကျား၊ မအပေါ်သတ်မှတ်ထား တဲ့ ပုံစံခွက်အစွဲတွေ၊ ပုံစံခွက်သတ်မှတ်ချက်တွေ၊ အမြင်တွေကနေ အခြေခံပြီး ဖြစ်ပေါ်လာတာပါ။ အမျိုးသားအပေါ် မြင်တဲ့အမြင်နဲ့ အမျိုးသမီးပေါ် သတ်မှတ်ထားရှိပြီး မြင်တဲ့အမြင်မတူညီတဲ့ ဂျင်ဒါ အမြင်နဲ့ ကိုရိုနာရောဂါပိုးအခြေအနေ၊ အိမ်တွင်းအကြမ်းဖက်မှုတို့ကို ဆက်စပ်လေ့လာကြည့်ရအောင်ပါ။

တကယ်ဆိုရင် ကိုဗစ်ရောဂါပိုးက ကျား၊ မ၊ လိင်စိတ်ကွဲပြားမှု၊ အသားအရောင် ဘယ်သူ့ကိုမှမခွဲခြားဘဲ အားလုံးကို စိန်ခေါ်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်မှာ သတ်မှတ်ထားတဲ့ ကျား၊ မ အပေါ်မှာ ခွဲခြားသတ်မှတ်ထားတဲ့ လူမှုအသိုင်းအဝိုင်းရဲ့အမြင်တွေ ကြောင့် သက်ရောက်မှုက ကွဲပြားသွားစေပါတယ်။ လူသားတိုင်း ရောဂါပိုးကို ကြောက်နေရတဲ့အချိန်မှာ အမျိုးသမီးတွေကတော့ ရောဂါပိုးကိုလည်းကြောက်ရ၊ တစ်ချိန်တည်းမှာဘဲ အကြမ်းဖက်မှု တွေကိုလည်း ကြောက်နေရတာ ဘာကြောင့်လဲဆိုတာ ဂျင်ဒါအမြင်နဲ့ သုံးသပ်ပါရစေ။

ပထမဆုံးပြောချင်တဲ့ ဂျင်ဒါအမြင်ကတော့ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ အမျိုးသမီးဆိုတာ အိမ်မှုကိစ္စနိုင်ရမယ်၊ အိမ်မှုကိစ္စ ကို ထိန်းသိမ်းကာကွယ်ပေးဖို့အတွက် တာဝန်ရှိတယ်ဆိုတဲ့ သတ်မှတ် ချက်အမြင်ဖြစ်ပါတယ်။ အိမ်မှုကိစ္စဆိုရင် အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင် ပါတယ်၊ အမျိုးသမီးတွေပဲ တာဝန်ရှိတယ်ဆိုပြီး မိန်းမကောင်း အိမ်ထောင်ရှင်မရဲ့ စံချိန်ကိုသတ်မှတ်ထားလေ့ရှိတဲ့ ဂျင်ဒါအမြင်မျိုး ကို ဆိုလိုတာပါ။ ဒီအမြင်က အခုလို ရောဂါကပ်ဆိုးကျရောက်တဲ့ အချိန်မှာ အမျိုးသမီးတွေအပေါ် ဘယ်လိုသက်ရောက်စေလဲ။ လေ့လာ ကြည့်ရအောင်။

အခုလိုအချိန်မှာဆိုရင် ရောဂါပိုးကြောင့် နေ့စဉ်သွားလာနေကျ လုပ်ငန်းတွေ ကမောက်ကမတွေဖြစ်၊ စီးပွားရေးတွေပျက်၊ အလုပ် အကိုင်တွေပျက်ပြီး အဆင်မပြေတာတွေကြုံနေရပါတယ်။ ဒီအချိန် မှာ အိမ်ရှင်မတွေ အကြောက်ဆုံးဖြစ်တဲ့ ကုန်ဈေးနှုန်းတက်တာတွေ၊ ဈေးကစားတာတွေကို ရင်ဆိုင်နေကြရပါတယ်။ ဈေးသွားဝယ်ဖို့ အတွက်တောင် အခက်အခဲရှိနေပါတယ်။ ဒီလိုအခြေအနေမျိုး ရောက်လာရင် အိမ်ထောင်တာဝန်က အမျိုးသမီးများရဲ့ တာဝန်ဖြစ် သည်လို့ သတ်မှတ်ခံထားရရှာတဲ့ အမျိုးသမီးတွေမှာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုအခြေအနေ အများကြီးဆိုးလာနိုင်ပါတယ်။

အမျိုးသမီးတွေဟာ အိမ်ထောင့်တာဝန်ကို စီမံရမယ်၊ ခန့်ခွဲရမယ် ဆိုတဲ့ ဂျင်ဒါအမြင်တွေကြောင့် အမျိုးသမီးတွေမှာ မိသားစုရဲ့ စားရေး သောက်ရေးနဲ့ပတ်သက်လို့ ပိုမိုပြီးစိုးရိမ်ပူပန်မှုတွေရှိမှာ သေချာပါ တယ်။ အိမ်ထောင့်တာဝန်ကို မထမ်းဆောင်နိုင်တော့မှာ၊ မိသားစုကို မပြုစုနိုင်မှာကို စိုးရိမ်နေရတဲ့အတွက် အိမ်ထောင်ရှင်အမျိုးသမီးတွေ ရဲ့ စိတ်ပိုင်းဆိုင်ရာဖိစီးမှုဟာ လင်ယောက်ျားအမျိုးသားတွေထက် ပိုမိုမြင့်မားနေတာကို တွေ့ရတတ်ပါတယ်။

အမျိုးသားတွေက ငွေမရှာနိုင်တဲ့ကိစ္စမျိုးနဲ့ အသွားအလာအနေ အထိုင်ပျက်တဲ့ ခံစားမှုတွေ ရှိတတ်ပေမယ့် အမျိုးသမီးတွေကတော့ ဒီလိုအပူတွေအပြင် မိသားစုကို ဘယ်လိုကျွေးမလဲ၊ အိမ်ထောင်ကို ဘယ်လိုထိန်းသိမ်းရမလဲ၊ အိမ်အသုံးစရိတ်ကို ဘယ်လိုချွေတာသုံးစွဲ ကြမလဲဆိုတဲ့ အိမ်ရှင်မဆိုတဲ့ လက်ခံထားချက်တွေကြောင့် အိမ်ထောင်ရှင် အမျိုးသမီးများရဲ့ စိတ်ဖိစီးမှုက ပိုများကြရပါတယ်။ အမျိုးသားတွေ

နည်းတူပူရတဲ့ ရောဂါအပူအပြင် မိသားစုစားဝတ်နေရေးနဲ့ ပတ်သက်တဲ့ အပူတွေက အိမ်ထောင်ရှင်အမျိုးသမီးတွေမှာ ပိုပြီးတော့များတတ်ပါတယ်။

အိမ်ထောင်တာဝန်ကို စိတ်ပိုင်းဆိုင်ရာပူပင်မှုအပြင် ဒုတိယအချက်ကတော့ အိမ်ထောင့်တာဝန်ဆိုင်ရာ ဝန်ထုတ်ဝန်ပိုးဖြစ်မှုအပိုင်းဖြစ်ပါတယ်။ ဂျင်ဒါအရအမျိုးသမီးတွေက အိမ်ထောင်တာဝန်ကို လုပ်ဆောင်ဖို့ သတ်မှတ်ခံထားပြီးသားပါ။ မိုးလင်းက မိုးချုပ်အထိ အိမ်ထောင်တာဝန်တွေကို ထမ်းဆောင်ရင်း တစ်နေ့တစ်နေ့ အချိန်ကုန်ဆုံးသွားတဲ့ အိမ်ထောင်ရှင်မတွေ ဒုနဲ့ဒေးပါ။ အရင်ကတည်းကမှ အိမ်ထောင်တာဝန်ကို ထမ်းဆောင်နေရတဲ့ အမျိုးသမီးတွေဟာ အခုလို ကိုဗစ်ကြောင့် မိသားစုတွေ အလုပ်ပိတ်၊ ကျောင်းပိတ်နဲ့ အိမ်တွင်းအောင်းနေရတဲ့ အခုလိုအချိန်မျိုးမှာဆိုရင် အိမ်ထောင့်တာဝန်ကို အရင်ကထက် ပိုပြီးထမ်းဆောင်ကြရပါတယ်။

အရင်က ကျောင်းသွားတဲ့သူတွေကလည်း အိမ်မှာနေရတယ်၊ အလုပ်အကိုင်သွားတဲ့သူကလည်း အိမ်မှာနေရတယ်ဆိုတဲ့ အခြေအနေမျိုးမှာ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ အိမ်မှုကိစ္စဆိုတာ အမျိုးသမီးနဲ့ပဲ သက်ဆိုင်တယ်ဆိုတဲ့အမြင်ကြောင့်မို့လို့ အိမ်ထောင့်တာဝန်က အမျိုးသမီးတွေအတွက် ပိုကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။ ပြီးတော့ ထမ်းဆောင်ရပါတယ်။ ကျောင်းမသွားတဲ့ သားသမီးတွေရှိမယ်။ အလုပ်မသွားနိုင်တဲ့ အခြားမိသားစုဝင်တွေရှိမယ်၊ အဲဒီအခါမှာ သူတို့စားဖို့အရေး၊ နေထိုင်ဖို့အရေး၊ ချက်ပြုတ်ဖျော်ဖွတ်သန့်ရှင်းရေးဆိုတဲ့ အမျိုးပေါင်းများစွာသော အိမ်မှုအလုပ်တွေဟာ သူမရဲ့ခေါင်းပေါ်မှာ အားလုံးရောက်လာပါပြီ။

အိမ်တွင်းမှာ အိမ်တွင်းတာဝန်ခွဲဝေမှုရှိရင်တော့ သက်သာကောင်း သက်သာနိုင်ပေမယ့် အိမ်ထောင်တာဝန်မှန်သမျှဟာ အိမ်ထောင်ရှင်မ အမျိုးသမီးရဲ့ တာဝန်ဖြစ်တယ်လို့ သတ်မှတ်ထားတဲ့မိသားစုနဲ့ ပတ်ဝန်းကျင်မှာဆိုရင်တော့ အမျိုးသမီးခမျာမှာ ဝန်နဲ့အား မမျှတော့ဘဲနဲ့ တစ်ယောက်တည်း အိမ်ထောင့်တာဝန်လုပ်ရမယ်၊ ကလေးတွေကို စောင့်ရှောက်ရမယ်၊ ယောက်ျားကိုလည်း ပြုစုရမယ်၊ တကယ်လို့သာ မိသားစုထဲမှာ သက်ကြီးရွယ်အိုတွေရှိရင်လည်း အထူးစောင့်ရှောက်ရပါမယ်။ ဒါကြောင့် ဒီအိမ်ထောင်ရှင်မတွေအတွက် ဒီလိုအချိန်မျိုးမှာ နားချိန်မရှိလောက်အောင် ရုပ်ပိုင်းဆိုင်ရာပင်ပန်းတဲ့သဘောမျိုး ရှိပါတယ်။

ကိုဗစ်နှိပ်စက်နေတဲ့ အခုလိုအချိန်မှာ အမျိုးသမီးတွေအပေါ် သက်ရောက်စေတဲ့ တတိယဂျင်ဒါအစွဲ ဂျင်ဒါအမြင်ကတော့ အမျိုးသမီးတွေဆိုတာ မျိုသိပ်တတ်ရမယ်။ သူများကို ဦးစားပေးညှာတာရမယ်ဆိုတဲ့ သတ်မှတ်ချက်ပါဘဲ။ "သားကိုသခင်၊ လင်ကိုဘုရား"ဆိုတဲ့ စကားပုံလိုပေါ့။ အမျိုးသမီးတွေကိုယ်တိုင် ကျေကျေနပ်နပ်လက်ခံထားလေ့ ရှိတတ်ပါတယ်။ အစားအစာအိမ်မှာစားတဲ့အခါမျိုးမှာ အမျိုးသမီးဆိုတာသူများကို ဦးစားပေးရမယ်၊ မိခင်၊ အစ်မဆိုတာ ကိုယ့်ထက်ငယ်တဲ့သူ၊ အိမ်ထောင်ဖက်ကို ဦးစားပေးရမယ်ဆိုတဲ့ ဂျင်ဒါအစွဲတွေ ရှိကြပါတယ်။ အိမ်မှာနေထိုင်ကြရင်း ရှိစုမဲ့စု အစားအစာတွေကို မျှဝေစားကြတဲ့အခါမှာ အစားအစာကို အမျိုးသားတွေနဲ့ အခြားမိသားစုတွေကို ဦးစားပေးပြီး အမျိုးသမီးတွေကတော့ ကျန်တာပဲစားမယ်ဆိုတာတွေ ပတ်ဝန်းကျင်မှာ အများကြီးကြုံတွေ့ရပါတယ်။ အမျိုးသမီးတွေရဲ့ ညှာတာမှုတွေ၊ ဦးစားပေးမှု၊ ချစ်ခြင်းမေတ္တာကိုပြသပေမယ့် ဒီလိုအခြေဖြစ်လာတဲ့အခါမှာ အာဟာရမလုံလောက်တဲ့ကိစ္စမျိုးကြောင့် အမျိုးသမီးတွေမှာ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ ကိုယ်ခံအားကျလာနိုင်တဲ့အတွက် ရောဂါပိုးကလည်း ပိုဝင်လာနိုင်ပါတယ်။ ဂျင်ဒါအစွဲအမြင်ကြောင့် အမျိုးသမီးရဲ့ ကျန်းမာရေးကိုတောင် ထိခိုက်သွားနိုင်တဲ့ကိစ္စအထိ ဖြစ်သွားနိုင်ပါတယ်။

စတုတ္ထအချက်ကတော့ အိမ်တွင်းအကြမ်းဖက်မှုနဲ့ ဆက်စပ်နေပါတယ်။ အခုဆိုရင် ဥရောပမှာ (Mask 19) မျက်နှာဖုံး ၁၉ ဆိုတဲ့ အသုံးနှုန်းတစ်ခုဟာ ထင်ရှားလာပါတယ်။ ဒါက ဘာကိုဆိုလိုလဲဆိုရင် (Mask 19) မျက်နှာဖုံး ၁၉ လို့ပြောလိုက်တာနဲ့ အိမ်တွင်းအကြမ်းဖက်ခံနေရတယ်၊ ကူညီပေးကြပါတယ်ဆိုတဲ့အဓိပ္ပါယ် ဖြစ်ပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုဟာ နေရာတိုင်း၊ အချိန်တိုင်းမှာဖြစ်တတ်တယ်ဆိုပေမဲ့ သဘာဝဘေးဒဏ်၊ စစ်ဘေးဒဏ်၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကပ်ရောဂါတွေဖြစ်တဲ့အချိန်မျိုးမှာ ကစင့်ကလျားဖြစ်သွားတဲ့ လူ့အသိုင်းအဝိုင်းမျိုးမှာ ပိုမိုဖြစ်တတ်တာ လေ့လာရပါတယ်။ ဒီလိုအခြေအနေဆိုးမျိုးမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေဟာ အိမ်ပြင်မှာရှိနိုင်သလို အိမ်တွင်းမှာလည်း ရှိနေတတ်ပါတယ်။ အိမ်တွင်းအကြမ်းမှုတွေ ပိုဖြစ်စေတဲ့အကြောင်းတွေကို လေ့လာကြည့်မိတဲ့အခါ စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ချက်ကို တွေ့ရပါတယ်။ ဘာလဲဆိုတော့ စိတ်ဖိစီးမှုတွေ အများကြီးကြုံတွေ့ရတဲ့ အမျိုးသားတွေမှာ တစ်ခါတလေမှာ စိတ်ဖိစီးမှုကို ဖြေဖျောက်ဖို့အတွက် အရက်သေစာသောက်စားတာ၊ မူးယစ်ဆေးဝါးသုံးစွဲတာတွေ ရှိတတ်ပါတယ်။ စိတ်ဖိစီးမှုလျှော့ချနိုင်ဖို့ အရက်သောက်ကြတယ်၊ အရက်မူးတဲ့အခါမှာ စိတ်ထွက်ပေါက်အနေနဲ့ မိန်းမကိုအကြမ်းဖက်လာကြတာ တွေ့ရပါတယ်။

အမျိုးသမီးတွေကြားထဲမှာ စိတ်ဖိစီးမှုကို အချင်းချင်းရင်ဖွင့်ခြင်းအားဖြင့် ဖြေရှင်းနိုင်ပေမယ့် အမျိုးသားတွေ ကြားထဲမှာ စိတ်ဖိစီးမှုကို ဘယ်လိုမျိုးနည်းနဲ့ဖြေရှင်းရမယ်ဆိုတာ စိတ်ပိုင်းဆိုင်ရာနည်းလမ်းတွေ သိပ်မရှိကြပါဘူး။ အများစုဟာ နောက်ဆုံးမှာ အကြမ်းဖက်ခြင်းနဲ့ဘဲ စိတ်ပိုင်းဆိုင်ရာဖြေသိမ့်မှုတွေကို ကျူးလွန်တတ်ကြပါတယ်။ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ အများကြီးတိုးတက်လာတာ ရှိပါတယ်။ အိမ်တွင်းအကြမ်းဖက်တဲ့ပုံစံတွေကလည်း ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသာမက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေလည်း ဖြစ်လာပါတယ်။ အမှန်တော့ တရားဝင်လက်ထပ်ထားသူဖြစ်သည့်တိုင်အောင် အမျိုးသမီးဖက်က ဆန္ဒမရှိရင် လင်ယောကျ်ားတော်စပ်သည့်တိုင်အောင် မုဒိမ်းမှုမြောက်ပါတယ်။ ဒါဟာ အိမ်တွင်းမုဒိမ်းမှုဖြစ်သလို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပါတယ်။

အိမ်တွင်းလိင်အကြမ်းဖက်မှုတွေနဲ့ဆက်စပ်နေတဲ့ နောက်ထပ်ကွင်းဆက်ကတော့ မိသားစုစီမံကိန်းနဲ့ပတ်သက်ပြီး ဒီကာလမျိုးမှာ လက်လှမ်းမမှီနိုင်တဲ့အတွက် မကာကွယ်နိုင်ဘဲ မလိုလားအပ်တဲ့ ကိုယ်ဝန်တွေရရှိလာတဲ့ ပြဿနာတွေ အများကြီးဖြစ်နိုင်ပါတယ်။

ဒါတွေကတော့ ကျား၊ မခွဲခြားမှုအမြင်ကြောင့် ဖြစ်တတ်သော ကပ်ရောဂါအန္တရာယ် ဖြစ်တဲ့ကာလတွင်းမှာ အိမ်ထဲမှာနေရတဲ့အခါ ဂျင်ဒါအစွဲအမြင်တွေကြောင့် သက်ရောက်မှုတွေဖြစ်ပါတယ်။ အထူးသဖြင့် ဂျင်ဒါအစွဲအမြင်တွေကြောင့် အမျိုးသမီးတွေ ပိုပြီးကြုံတွေ့ရတဲ့ အခက်အခဲတွေ ဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုအရာတွေလျော့ကျနိုင်ဖို့အတွက် အသိပညာပေးမှုတွေအများကြီး လိုအပ်ပါတယ်။ အမျိုးသမီးတွေကို ကာကွယ်ဖို့အတွက် အမျိုးသမီးတွေကို လေးစားပြီးတော့ အကြမ်းဖက်မှုကို အားမပေးတဲ့မိသားစုတွေ၊ ရပ်ရွာတွေဖြစ်လာဖို့ ပညာပေးမှုတွေအများကြီးလိုအပ်ပါတယ်။ အထူးသဖြင့် အိမ်ထဲကမထွက်နိုင်သူတွေ

အတွက် ဆိုရှယ်မီဒီယာကတစ်ဆင့် အသိပညာပေးသင့်ပါတယ်။ တစ်ဖက်မှာလည်း ဒါမျိုးအကြမ်းဖက်မှုတွေကို ရင်ဆိုင်ကြုံတွေ့ရတဲ့ အမျိုးသမီးတွေအတွက် တစ်ခုခုဖြစ်လာရင် ဘယ်လိုကူညီနိုင်မလဲ ဆိုတဲ့ အကြောင်းအရာကို သိရှိနိုင်ဖို့အတွက် ဝန်ဆောင်မှုတွေ ဘယ်နေရာမှာရှိလဲဆိုတဲ့အရာတွေ သိရှိအောင်လုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။

COVID-19 ကြောင့် စိတ်ဖိစီးမှုရှိလာရင် အခြားသူကို အကြမ်းဖက်တဲ့နည်းကိုသုံးပြီး ထွက်ပေါက်ရှာတာမျိုးမလုပ်ဘဲ ငြိမ်းချမ်းသောနည်းနဲ့ဖြေရှင်းကြပါ။ တစ်ယောက်ကိုတစ်ယောက် စာနာသောနည်းနဲ့ဖြေရှင်းကြပါ။ ဂျင်ဒါအမြင်တွေကြောင့် တစ်ယောက်ကိုတစ်ယောက် အကြမ်းဖက်တာကို ရှောင်ရှားပြီး မေတ္တာတရားနဲ့ ဆက်ဆံကြစေလိုပါတယ်။

**ဦးအောင်မျိုးမင်း၊ အမှုဆောင်ဒါရိုက်တာ- ညီမျှခြင်းမြန်မာ (Equality Myanmar)**

**ယခုဆောင်းပါးကို "မေ့အသံ" သတင်းလွှာတွင် ဖော်ပြခွင့်ပေးသည့် ဆရာဦးအောင်မျိုးမင်းအား EMReF မှ ကျေးဇူးအထူးတင်ရှိပါသည်။**

(Source: hiburma.net)

# COVID-19 ကြောင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်ထူထောင်ကုစားရာတွင် အားလုံးပူးပေါင်းပါဝင်ပေးရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်တွန်း

**မေ ၈၊ ၂၀၂၀**




**ဓာတ်ပုံ-လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

COVID-19 ကြောင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်ထူထောင်ကုစားရာတွင် အစိုးရနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

မေလ (၇) ရက်နေ့က Video Conferencing စနစ်ဖြင့်ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၀)တွင် COVID -19 တုံ့ပြန်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဝင်းမြတ်အေးက "COVID-19 ကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၊ လူမှုရေးတို့အပေါ် အကျိုးသက်ရောက်မှုဟာ ကြီးမားပြင်းထန်ပြီး မြန်မာနိုင်ငံလည်း ခံစားရပါတယ်။ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေအပေါ် အကျိုးသက်ရောက်မှုတွေဟာ အလွန်ကြီးမားပါတယ်။ အမျိုးသမီးတွေရဲ့ အထူးလိုအပ်ချက်တွေနဲ့ အခန်းကဏ္ဍတွေကို လုပ်ငန်းစဉ်တွေမှာ ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။"ဟု ပြောကြားခဲ့သည်။

အမျိုးသမီးများအနေဖြင့် COVID-19 ကာလအတွင်း ကျန်းမာရေးကုသမှုခံယူရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောငမှုများရယူရန် အခက်အခဲများ ကြုံတွေ့ရနိုင်သည်ဟုဆိုသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ COVID-19 တုန့်ပြန်ဆောင်ရွက်မှုများတွင် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၆၀ ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရှေ့တန်းတွင် ပါဝင်နေရသည့်အတွက် ရောဂါပိုးနှင့် ပိုမိုထိတွေ့နိုင်ဖွယ်ရှိသည်ဟု သုံးသပ်ပြောကြားခဲ့သည်။ အသွားအလာကန့်သတ်ခြင်း Quarantine အစီအစဉ်များကြောင့် အမျိုးသမီးများ၏ အလုပ်အကိုင်နှင့် စီးပွားရေးများအပေါ်လည်း အကျိုးသက်ရောက်မှုများရှိကြောင်း အစိုးရအနေဖြင့် COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း သိရသည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား - မ တန်းတူညီမျှရေးကိစ္စရပ်များကို ဆောင်ရွက်နေသည့် ၎င်းတို့ကော်မတီအနေဖြင့် COVID-19 ၏ အကျိုးဆက်များကြောင့် မြန်မာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသည့် အခြေအနေများကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တုံ့ပြန်ဆောင်ရွက်မှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။ ထို့နောက် ကော်မတီအဖွဲ့ဝင်များကလည်း COVID-19 နှင့်ပတ်သက်၍ လုပ်ဆောင်နေသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ရွှေလေး**


ဓာတ်ပုံ-https://en.wikipedia.org/wiki/Jimmy_Cartervz

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေကို နှိပ်စက်ညှင်းပန်းတာဟာ ကမ္ဘာပေါ်မှာ အများအပြားပျံ့နှံ့နေပြီး မဖြေရှင်းနိုင်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်တယ်။"

----- Jimmy Carter (39th United States President 1977-1981)

# COVID-19 နှင့် ဂျဲန်ဒါ (ကျား-မ) - အာရှနှင့် ပစိဖိတ်ဒေသများ၏ အဓိကဆွေးနွေးချက် အနှစ်ချုပ်စာစောင် ထုတ်ပြန်

**မေ ၁၁ ၂၀၂၀**

COVID-19 ကပ်ရောဂါကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ဝင်ငွေမရသော ပြုစုစောင့်ရှောက်ရသည့် အလုပ်များပို၍များလာပြီး ကျား-မအခြေပြု အကြမ်းဖက်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘေးအန္တရာယ်အပါအဝင် အခြားသက်ရောက်မှုများ ရင်ဆိုင်နေရသည်ဟု "အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာရောဂါ (COVID-19) နှင့် ဂျဲန်ဒါ (ကျား-မ)- အာရှနှင့် ပစိဖိတ်ဒေသများ၏ အဓိကဆွေးနွေးချက်" အနှစ်ချုပ်စာစောင်အရ သိရပါသည်။

ယင်းစာစောင်ကို ကျား-မတန်းတူညီမျှရေးကွန်ရက် (Gender Equality Network) က ဖြန့်ဝေထားခြင်းဖြစ်ပြီး COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကျား-မသက်ရောက်မှုများနှင့် အကြံပြုတိုက်တွန်းချက်များကို ရေးသားထားသည်။ ဖြစ်ပေါ်လာသည့် ကျား-မဆိုင်ရာသက်ရောက်မှု (၇) မျိုး ရှိပြီး ၎င်းတို့မှာ ၁) အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် ဝင်ငွေမရသော ပြုစုစောင့်ရှောက်ရသည့် အလုပ်များပိုမို


အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာ ရောဂါ (ကိုဗစ်-၁၉) နှင့် ဂျဲန်ဒါ
အာရှနှင့် ပစိဖိတ်ဒေသများအတွက် အဓိက တိုက်တွန်းဆွေးနွေးချက်များ

ဖြစ်ပေါ်လာသော ဂျဲန်ဒါ သက်ရောက်မှုများ

အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် ဝင်ငွေမရသော ပြုစုစောင့်ရှောက်ရသည့် အလုပ်များ ပိုမိုများပြားလာခြင်း

ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသည့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း

၁

များပြားလာခြင်း၊ ၂) ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ၃) ကျား-မအခြေပြု အကြမ်းဖက်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘေးအန္တရာယ်များ များပြားလာခြင်း၊ ၄) အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုများ၊ ၅) အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများအပေါ် သက်ရောက်မှုများ၊ ၆) လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးအတွက် လက်လှမ်းမီရယူနိုင်မှု ပြတ်တောက်ခြင်းနှင့် ၇) ခေါင်းဆောင်မှု အခန်းကဏ္ဍများမှ ဖယ်ထုတ်ချန်လှပ်ထားခြင်းတို့ ဖြစ်သည်။

COVID-19 ရောဂါဖြစ်ပွားမှုကို ဖြေရှင်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရသည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်ပြီး ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပိုမိုအားကောင်းရေးအပါအဝင် အကြံပြုချက်များကို အသေးစိတ်ရေးသားထားသည်။ ကြိုတင်ပြင်ဆင်ရေးနှင့် တုန့်ပြန်ရေးတွင်နိုင်ငံတော်အဆင့်မဟာဗျူဟာအစီအစဉ်များသည် ကျား-မဆိုင်ရာ စိတ်ဖြာလေ့လာချက်ကို အခြေခံထားရန်၊ ရောဂါကာကွယ်ရေးနှင့် တုန့်ပြန်ရေးဆိုင်ရာ သတင်းအချက်အလက်များကို အမျိုးသမီးများ လက်လှမ်းမီရန်၊ ရောဂါနှင့် ပတ်သက်၍ တုန့်ပြန်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို ဗဟိုပြုရန်၊ ရောဂါကူးစက်ခံရသော/ ကျား-မအခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးမှုများ လုပ်ဆောင်ပေးရန်စသည့်အချက်များ အကြံပြုထားသည်။